

# 3SquaresVT

## ဗားမောက် အာဟာရကူညီထောက်ပံ့ဖြည့်ဆီးပေးရေး အစီအစဉ်
## (ယခင်က အစားအစာ တံဆိပ်ခေါင်းများ)

# အခြေခံအချက်အလက်များ

**3SquaresVT ဆိုသည်မှာ အဘယ်နည်း။**

- ဗားမောက်ပြည်သူများအစားအသောက် ကုန်ကျစရိတ်များ ပိုမိုသုံးစွဲနိုင်ရန်နှင့် တနေ့လျှင် အဟာရမျှတသော အစားအသောက်များ ၃ ကြိမ် စားသုံးနိုင်ရန် 3SquaresVT မှ ကူညီနေပါသည်။
- လစဉ်သင့်အကျိုးအမြတ်များအား ဒက်ဘစ် ကဒ် ကဲ့သို့အလုပ်လုပ်သည့် အီးဘီတီ (အီလက်ထရောနစ်ဖြင့် အကျိုးအမြတ်လွှဲပြောင်းခြင်း) ကဒ် မှတဆင့် ရရှိမည်ဖြစ်သည်။
- အကယ်၍ သင့်နေအိမ်တွင် နေထိုင်သူများအားလုံးသည် ၆၅ နှစ်ကျော်သူများ သို့မဟုတ် အက်(စ်)အက်(စ်)အိုင် (Supplemental security income) ရရှိသူများဖြစ်ပါက သင့်အကျိုးအမြတ်များအား သင်၏ ဘဏ်စာရင်းတွင် လစဉ် တိုက်ရိုက်ရရှိမည် ဖြစ်သည်။

**3SquaresVT အကျိုးခံစားခွင့်များအား မည်သူများရရှိနိုင်သနည်း။**

- အကန့်အသတ်ဖြင့်သာ ဝင်ငွေရရှိသော အိမ်ထောင်စုများ ။ ။ ဝင်ငွေ ကန့်သတ်ချက်များအား တိုးမြှင့်လိုက်ခြင်းကြောင့် ယခုဗားမောက် ပြည်သူများ ပိုမို၍ လျှောက်ထားနိုင်ခွင့်ရှိပါသည်။
- တသီးပုဂ္ဂလများ၊ မိသားစုများ၊ သက်ကြီးရွယ်အိုများနှင့် မသန်မစွမ်းသူများအပါအဝင်စသည့် အရည်အချင်းပြည့်စုံမှန်သမျှအား 3SquaresVT မှ လမ်းဖွင့်ပေးထားပါသည်။
- လူအများစုသည် 3SquaresVT သို့လျှောက်ထားရန် အရည်အချင်းပြည့်မှီကြောင်း မသိရှိကြပါ။
- သက်ကြီးရွယ်အို သို့မဟုတ် မသန်မစွမ်းသူ ရှိသော အိမ်ထောင်စုများအတွက် အကျိုးအမြတ်ခံစားခွင့် အရည်အချင်းပြည့်မှီနိုင်ရန် အထူး စည်းမျဉ်းများချမှတ်ရေးဆွဲထားပါသည်။
- သင်သည်အကျိုးအမြတ်များခံစားနိုင်ရန် အရည်အချင်းပြည့်မှီသူ ဖြစ်မဖြစ်သိရှိနိုင်ရန် www.vermontfoodhelp.com သို့ သွားရောက် ကြည့်ရှုနိုင်ပါသည်။

**မည်မျှရရှိနိုင်ပါသနည်း။**

- လစဉ်အကျိုးအမြတ်ခံစားခွင့်များသည် ဝင်ငွေနှင့် အိမ်ထောင်စု အရွယ်အစားပေါ်မူတည်ပါသည်။သင့်ဝင်ငွေ ရရှိမှု ကျဆင်းလာပါက 3SquaresVT မှ အကျိုးအမြတ်ရရှိမှုပမာဏ မြင့်လာနိုင်ပါသည်။
- ဝင်ငွေမရှိသူ တဦးအတွက် အကျိုးအမြတ်ခံစားခွင့်အမြင့်ဆုံးသည် ၂၀၀ ဒေါ်လာဖြစ်သည်။ မိသားစုဝင် ၄ ယောက်ရှိ၍ (နုတ်စရာရှိသည် ကိုနုတ်ပြီး) အသားတင်ဝင်ငွေ ၁၀၀၀ ဒေါ်လာ ရှိသော မိသားစုအတွက် ၃၆၈ ဒေါ်လာ ဖြစ်သည်။
- သင်၏ ဝင်ငွေနှင့် အသုံးစာရိတ်များအား ကြည့်ပြီး သင့်အကျိုးအမြတ်ခံစားခွင့် ပမာဏအား သင့် 3SquaresVT ဝန်ထမ်းမှ ဆုံးဖြတ်ပေးပါ လိမ့်မည်။

**မည်ကဲ့သို့လျှောက်ထားရမည်နည်း။**

- လျှောက်လွှာအတွက် ၁-၈၀၀-၂၈၇-၀၅၈၉ သို့ခေါ်ဆိုသည်ဖြစ်စေ သို့မဟုတ် www.vermontfoodhelp.com သို့ သွားရောက်ကြည့်ရှုပါ။
- လျှောက်လွှာဖြည့်စွက်ရန် အကူအညီလိုအပ်ပါက။ ။ သင့်ဖုန်းမှတဆင့် ၂-၁-၁ သို့ခေါ်ဆို၍ သင်နှင့်အနီးဆုံးနေရာရှိ လူမှုရေးရာဆောင် ရွက်ရေး အေဂျင်စီ သို့မေးမြန်းပါ။
- အကယ်၍ သင်သည် သက်ကြီးရွယ်အိုဖြစ်ပါက ၁-၈၀၀-၆၄၂-၅၁၁၉ ဗားမောက်သက်ကြီးရွယ်အိုများ ကူညီရေးလိုင်း သို့ခေါ်ပါ။

ဤသတင်းလွှာအား အခွင့်အရေးညီတူညီမျှရရှိရန်
ထောက်ပံ့ကူညီသည့် USDA မှ ရန်ပုံငွေတချို့ ထည့်ဝင်ပါသည်။
4/10/09

Vermont Campaign to End Childhood Hunger

VERMONT
DEPARTMENT FOR CHILDREN AND FAMILIES
ECONOMIC SERVICES DIVISION